ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း(စတုတ္ထနှစ်စက်ဝန်း)

# National Community Driven Development Project

# ( NCDDP )



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan ( VDP )

ကွင်းပေါက်ကျေးရွာ၊ ဝဲကြီးကျေးရွာအုပ်စု

၂၀၀၉ခုနှစ်    ကျောက်တန်းမြို့

## မာတိကာ


၁။ ကျောက်တန်းမြို့နယ် မြေပုံ.......... 2

၂။ဝဲကြီးကျေးရွာအုပ်စုမြေပုံ.......... 3

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ.......... 4

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်.......... 6

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA toolsများနှင့် တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ.......... 8

၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့်စစ်ဆေးရမည့်အချက်များ.......... 21

၈။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ.......... 24

၉။ ကော်မတီဝင်များစာရင်း.......... 26

၁၀ ။ပုံစံစ-၁။ကျေးရွာအချက်အလက်.......... 28

၁၁။ပုံစံ-စ-၂ အစည်းအဝေးအချိန်ဇယား(PC-2).......... 31


၁၂။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်.......... 34

၁၃။ ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်.......... 37

၁၄။ အစည်းအဝေးမှတ်တန်းများ.......... 39

၁၅။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP).......... 43

# ၁။ ကျောက်တန်းမြို့နယ် မြေပုံ



## ၂။ဝဲကြီးကျေးရွာအုပ်စုမြေပုံ



## ၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ

၁။ဝဲကြီးကျေးရွာ

၂။ကွင်းပေါက်ကျေးရွာ

၃။ညောင်ပိုင်းကျေးရွာ

## ၄။ကျေးရွာအခြေခံအချက်အလက်များ

**၁။ကျေးရွာသမိုင်းအကျဉ်း**

ကွင်းပေါက်ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် မနီးမဝေးတွင်ရှိသော ရွာတစ်ရွာဖြစ်ပါသည်။ ကွင်းပေါက်ကျေးရွာစတင် ဖြစ်ပေါ်လာခဲ့သည်မှာ နှစ်ပေါင်း(၁၀၀)ကျော်ခန့်ကျိုက်လတ်ကျေးရွာမှမြေလျှောင်လှုပ်သောကြောင့်ကျေးရွာ၏ မြောက်ဘက်သို့ရွှေ့ပြောင်းနေထိုင်ရာမှ ကွင်းပေါက်ကျေးရွာဟု အမည်ပေးခဲ့ပါသည်။ ကွင်းပေါက်ကျေးရွာ၏ အဓိကစီးပွားရေး အနေဖြင့် စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြပြီး ကြက်၊ဝက်၊ဘဲ၊ဆိတ်တို့ကို တနိုင်တပိုင် မွေးမြူးကြပါသည်။ ကွင်းပေါက်ကျေးရွာ၏အရှေ့ဘက်တွင် ကျုံကန်ကျေးရွာ၊ အနောက်ဘက်တွင် ရွာသစ်ကြီးကျေးရွာ၊ တောင်ဘက်တွင် မော်ဝန်းချောင်း၊မြောက်ဘက်တွင် ဝဲကြီးကျေးရွာတို့တည်ရှိပါသည်။ ဗမာလူမျိုးများသာနေထိုင်ပြီး ဗုဒ္ဓဘာသာကိုကိုးကွယ်ကြပါသည်။

ကွင်းပေါက်ကျေးရွာသည် ကျောက်တန်းမြို့နယ်နှင့် (၁၁)မိုင်ခန့် ကွာဝေးပြီး မြေယာပိုင်ဆိုင်သူများလည်း ရှိပါသည်။ ကျောက်တန်းသို့ မိုးရာသီတွင်စက်ဘီး၊ စက်လှေ၊ မော်တော်များဖြင့် သွားလာပြီး နွေရာသီတွင် ဆိုင်ကယ်၊ကား၊စက်ဘီး၊ စက်လှေများဖြင့်သွားလာနိုင်ပါသည်။ ဝင်ငွေအသင့်အတင့်ကောင်းမွန်ပြီး ပညာရေးကို အလေးထား ဆောင်ရွက်ကြပါသည်။ ဘာသာတရားကိုင်းရှိုင်းပြီး စည်းလုံးညီညွတ်ကြပါသည်။

၂။ ကျေးရွာရှိအိမ်ထောင်စုစာရင်း

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | ၃၃၄ | ၆၈၄ | ၆၆၆ | ၁၃၅၀ |

၃။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၄၀ | ၃၅ | ၃၀ | ၆၅ |
| မြေယာမဲ့ | - | - | - | - |
| မသန်စွမ်း | ၈ | ၄ | ၄ | ၈ |

၄။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင်၊ဆိုင်ကယ်ပြင်ဆိုင်၊ | နိုင်ငံခြားသွား |
| ပဲ | ဘဲ | | |
| | ဝက် | | |

၅။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်ခြံမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၆၅၉ | ၁၁၅ | | | ၄ | ၂ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၂ | ၄ | ၂ | ၅ | ၁၅ | ၈ |

၆။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | | ၃၅ | ၄၂ | - | ၆၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၄၅၊ ၅၆ | ၆၀ | ၆ | ၃၁ | ၇ |

## ၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | ၈-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ကျေးရွာစေတနာ့ဝန်ထမ်း | ၁၂ | ၁၀ | ၂၂ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊မြစ်ချောင်းများ၊ရေတွင်းရေကန်များ၊သစ်တောများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၈-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ကျေးရွာစေတနာ့ဝန်ထမ်း | ၁၉ | ၂၂ | ၄၁ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊လယ်ယာလုပ်ငန်းများ၊နေ့စားလုပ်ငန်းများ၊မွေးမြူရေးလုပ်ငန်းများ၊ဝမ်းစာဖူလုံမှုနှင့်ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၈-၁၀-၂၀၁၉ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါးအုပ်စုများ | ၁၁ | ၁၂ | ၂၃ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်း၊ကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၈-၁၀-၂၀၁၉ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာလူထု | ၁၃ | ၁၂ | ၂၅ | ကျေးရွာတွင်းရှိအဖွဲ့အစည်းများနှင့်မည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ်သုံးသပ်ချက် | ၈-၁၀-၂၀၁၉ | အမျိုးသားများနှင့်အမျိုးသမီးများ | ၁၃ | ၁၂ | ၂၅ | အမျိုးသားများနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၈-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ကျေးရွာစေတနာ့ဝန်ထမ်း | ၁၃ | ၁၂ | ၂၅ | ကျေးရွာတွင်းရှိပိုင်ဆိုင်ထားသောအရင်းအမြစ်များအားသိရှိခြင်း |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA toolsများနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၁။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်



### သုံးသပ်ချက်

ကွင်းပေါက်ကျေးရွာတွင်အိမ်ခြေ ၂၆၇ အိမ်ရှိ၍ အိမ်ထောင်စု ၃၅၆ စု ရှိပါသည်။ လူဦးရေပေါင်း ၁၃၆၀ ဦးရှိပါသည်။ ရေကန်စုစုပေါင်း ၅ ကန်ရှိ၍ သောက်သုံးရေသည် နွေရာသီတွင် လုံလောက်မှုမရှိပါ။ စေတီနှင့် ဘုန်းကြီးကျောင်း တည်ရှိသည်။ မူလွန်စာသင်ကျောင်းတစ်ကျောင်း လည်းရှိပါသည်။ ချောင်းရှိ၍ ရေစီးရေလာကောင်းမွန်ပါသည်။ အိမ်ခြေများမှာ ရွာအရှေ့ပိုင်းတွင် ၅၉ အိမ် ၊ အနောက်ပိုင်းတွင် ၈၅ အိမ် ၊ ကွင်းထဲတွင် ၁၂၃ အိမ်ရှိပါသည်။ လယ်ယာလုပ်သူအများစုသည် ကွင်းထဲတွင် နေထိုင်ကြပါသည်။ ရွာတွင်းလမ်းများသည် ကွန်ကရစ်လမ်းများဖြစ်ပြီး အများစုမှာ ပျက်စီးနေ ပါသဖြင့် စီမံကိန်းအစတွင် စတင်၍ ပြင်ဆင်ခဲ့ပါသည်။ စီမံကိန်းပထမနစ်စက်ဝန်းနှင့် ဒုတိယနစ်စက်ဝန်းတွင် လမ်းတစ်ချို့အား ကွန်ကရစ်လမ်းများ ခင်းပြီးခဲ့ပါသည်။ တတိယနစ်စက်ဝန်းတွင်လည်း ကျန်ရှိနေသော ရွာတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ဆက်လက်၍ ဆောင်ရွက်ခဲ့ပါသည်။စတုတ္ထနစ်စက်ဝန်းတွင်လည်း ကျန်ရှိနေသော ရွာတွင်းလမ်းများခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးရွာ၏ ဦးစားပေးလုပ်ငန်းခွဲဖြစ်သော ကျေးရွာတွင်းလမ်းများ ပြုပြင်ခြင်းလုပ်ငန်းများအား လုပ်ဆောင်ခဲ့ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးများ ယခင်ထက်ပိုမိုကောင်းမွန်လာပါသည်။

## ၂။ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



ကွင်းပေါက်ကျေးရွာ
ဝါကြီးကျေးရွာအုပ်စု
(ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်)
၈.၁၀.၂၀၁၉

| အဆင့် | သတ်မှတ်ချက် / ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
| --- | --- | --- | --- |
| ပြေလည် | လယ်(၁၅)ကေအထက်၊ ထွန်စက်၊ ရိတ်စက်၊ ကား၊ ဆိုင်ကယ်၊ တိုက်အိမ်၊ ဆန်စက်၊ ချွေလှေ့စက် | ၅၀ | ၁၅% |
| အလည်အလတ် | လယ်(၁၅)ကေအောက်၊ နွားပျံ၊ ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ စက်ချုပ်စက်၊ သွပ်မိုးပျဉ်ကာ၊ နွား၊ | ၉၄ | ၂၈% |
| နွမ်းပါး | ဝါးခနီအိမ်၊ ခနီမိုးထရံကာ၊ လက်လုပ်လက်စား၊ စက်ဘီး၊ ဘောက်အလုပ်သမားများ | ၂၁၂ | ၅၇% |
| ပါဝင်ဆွေးနွေးသူ ကျ-၁၁ဦး မ-၁၂ဦး စုစုပေါင်း-၂၃ဦး | စုစုပေါင်း | ၃၅၆ | ၁၀၀% |

**သုံးသပ်ချက်။**

ကွင်းပေါက်ကျေးရွာတွင် ပြေလည်သောအဆင့်၊ အသင့်အတင့်ပြေလည်သောအဆင့်၊ နွမ်းပါးသောအဆင့်ဟူ၍ သုံးမျိုးသတ်မှတ်ထားပါသည်။

ပြေလည်သောအဆင့်တွင် လယ်ကေ (၁၅)ကေအထက်၊ ထွန်စက် ရိတ်စက်၊ ကား၊ ဆိုင်ကယ်၊ တိုက်၊အိမ်၊ ဆန်စက်၊ ချွေလှေ့စက်၊ တို့ကိုပိုင်ဆိုင်ကြပါသည်။ အိမ်ထောင်စု (၅၀)စု ၊ရာခိုင်နှုန်းအားဖြင့် (၁၅%) ရှိပါသည်။

အသင့်အတင့်ပြေလည်သောအဆင့်တွင် လယ်ကေ (၁၅)ကေနှင့်အောက် နွားပျံ ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ အပ်ချုပ်စက်၊ ၊သွပ်မိုးပျဉ်ကာအိမ်၊ ၊နွား၊ တို့ကို ပိုင်ဆိုင်ကြပြီး အိမ်ထောင်စု (၉၄)စုခန့် ၊ရာခိုင်နှုန်းအားဖြင့် (၂၈%)ခန့်သာရှိပါသည်။


နွမ်းပါးသောအဆင့်တွင် ခနီမိုးထရံကာ ၊ဝါးခနီအိမ်၊ စက်ဘီး၊ တို့ကိုပိုင်ဆိုင်ကြပြီး အများစုမှာ လက်လုပ်လက်စားနှင့် ဘောက်အလုပ်သမားများ ဖြစ်ကြပါသည်။ အိမ်ထောင်စု (၂၁၂) စု၊ရာခိုင်နှုန်းအားဖြင့် (၅၇%) ရှိပါသည်။

အလွန်နွမ်းပါးသောအဆင့်တွင် အချို့မှာ အိမ်ပိုင်ခြံပိုင်မရှိကြပါ ။ များသောအားဖြင့်ကြုံရာအလုပ်များကိုသာ လုပ်ကိုင်ကြပြီး ဆိုင်ကယ်များမှာလည်း ကယ်ရီသုံးဘီးများသာ ဖြစ်ပါသည်။

ကျေးရွာတွင် အလွန်နွမ်းပါးသော အိမ်ထောင်စုဝင်များပြားရခြင်းမှာ အလုပ်အကိုင်ရှားပါးခြင်း ၊စိုက်ပျိုးရေးကိုသာ လုပ်ကိုင်ကြရပြီး ကိုယ်ပိုင်ရင်းနှီးငွေမရှိခြင်း ၊ပညာတတ်မြောက်မှုနည်းပါးခြင်း၊ ကလေးများခြင်းတို့ကြောင့် ဖြစ်ပါသည်။

လုပ်ငန်းအစီအစဉ်များရေးဆွဲရာတွင် ဆင်းရဲနွမ်းပါးသူများ အားလပ်ချိန်တွင် အစီအစဉ်ရေးဆွဲခြင်း ၊ ၄င်းတို့၏လိုအပ်ချက်များကို အလေးထားစဉ်းစားပေးခြင်း ၊စီမံကိန်းမှ ပြုလုပ်ပေးသော လုပ်ငန်းများကြောင့် အလုပ်အကိုင်များ ရရှိလာပြီး ဝင်ငွေများရရှိလာကာ လူနေမှုဘဝများ တဖြေးဖြေး မြင့်တက်လာမည်ဟု ယုံကြည်ပါသည်။

**၃။ရာသီခွင်ပြပြက္ခဒိန်နှင့်သုံးသပ်ချက်။**



သုံးသပ်ချက်

**ရာသီဥတု**

သာယာ၍ကဆုန်၊နယုန်၊ ဝါဆိုနှင့်ဝါခေါင်လများတွင် မိုးသည်းထန်စွာရွာသွန်းပြီး တော်သလင်းနှင့် သီတင်းကျွတ်လများတွင် မိုးအသင့်အတင့်ရွာပြီး နတ်တော်နှင့်ပြာသိုလများတွင် အေးချမ်း၍ ရာသီဥတုသာယာပါသည်။

**စပါးစိုက်ပျိုးရေး**

စပါးစိုက်ပျိုးရေးလုပ်ငန်းများကို ကဆုန်၊ နယုန်လများတွင် စတင်ထွန်ယက်ကြပြီး နယုန်လတွင် ပျိုးကျဲကာ၊ ဝါဆို၊ ဝါခေါင်နှင့် တော်သလင်းလများတွင် မြေဩဇာကျွေးကာ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလများတွင် ရိတ်သိမ်းပြီး ရောင်းချကြပါသည်။

**ပဲစိုက်ပျိုးရေ**

ပဲစိုက်ပျိုးရေးလုပ်ငန်းကို စပါးရိတ်အပြီး စတင်ထွန်ရက်၍ နတ်တော်လတွင် စတင်စိုက်ပျိုးကြပါသည်။ ပြာသိုလတွင် မြေဩဇာကျွေး၍ တပို့တွဲလတွင် ပဲခူးကြပါသည်။

**တံငါလုပ်ငန်း(ကျားပိုက်)**

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ပိုက်များကို စတင်၍ ပြင်ဆင်ကြပြီး ဝါဆိုလမှ တန်ဆောင်မုန်းလ အထိ ပိုက်များချ၍ လုပ်ကိုင်ကြပါသည်။

**သောက်ရေရရှိမှု**

တန်ခူးကဆုန်နှင့် တပို့တွဲ ၊တပေါင်းလများတွင် ရေရှားပါး၍ ကျန်လများတွင် အသင့်အတင့်ရေရရှိပါသည်။

**လမ်းပန်းဆက်သွယ်ရေး**

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် တန်ခူးလ၊ပြာသို၊တပို့တွဲနှင့် တပေါင်းလများတွင် ကုန်းလမ်းကိုအသုံးပြု၍ ကျန်လများတွင် ရေကြောင်းလမ်းကိုသာ အသုံးပြု၍ သွားလာရပါသည်။

## ပွဲတော်ကျင်းပချိန်

ပွဲတော်များအနေဖြင့် တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလတို့တွင် မီးထွန်းပွဲတော်၊ တပို့တွဲနှင့် တပေါင်းလတို့တွင် ကျေးရွာဘုရားပွဲတော်များ ရှိပါသည်။

## ကျန်းမာရေး

တန်ခူးလနှင့် ကဆုန်လတွင် ဖျားနာခြင်းတို့ ဖြစ်လေ့ဖြစ်ထရှိပြီး သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလတို့တွင်လည်း ရာသီဥတုအပြောင်းအလဲကြောင့် ဖျားနာတတ်ပါသည်။

## ဝင်ငွေ

ဝင်ငွေအနေဖြင့် တန်ခူးလတွင် ပုံမှန်ဝင်ငွေသာရှိပြီး ဝါဆိုလ၊ ဝါခေါင်လ ၊ တော်သလင်းလ ၊ နတ်တော်၊ပြာသိုများတွင် လုပ်ငန်းလုပ်နေချိန် ဖြစ်သောကြောင့် ထွက်ငွေများ၍ သီတင်းကျွတ် ၊ တန်ဆောင်မုန်းနှင့် တပို့တွဲလများတွင် ပဲခူးရာသီဖြစ်သောကြောင့် ဝင်ငွေကောင်းပါသည်။


**၄။ဗင်းပုံစံသုံးသပ်ချက်။**



## သုံးသပ်ချက်

ကျေးရွာအတွင်း လူမှုရေးကိစ္စများတွင် လူမှုရေးအဖွဲ့၊ နာရေးကူညီမှုအသင်းအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့တို့သည် လူမှုရေးကိစ္စများတွင် အဓိက ဦးဆောင်နေသည်ကို တွေ့ရှိရပါသည်။ ဘာသာရေးကိစ္စများတွင် ဂေါပကအဖွဲ့နှင့် လူငယ်ပရဟိတအဖွဲ့တို့ အဓိကပါဝင်ပြီး မြစိမ်းရောင်အဖွဲ့၊ ပက်မြန်မာ၊ ဘီဂျီအဖွဲ့တို့သည် သက်မွေးဝမ်းကြောင်းလုပ်ငန်းများတို့ချဲ့လုပ်ကိုင်နိုင်ရန် အတွက် ငွေချေးလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ကျေးရွာ၏ကိစ္စ မှန်သမျှကို ကူညီဖြေရှင်း လုပ်ကိုင်ပေးပါသည်။ကျောင်းကော်မတီသည် မြို့နယ်ပညာရေးနှင့် ချိတ်ဆက်ပြီး ပညာရေးကဏ္ဍနှင့် သက်ဆိုင်သော လုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။မီးလင်းရေးကော်မတီသည် မြို့နယ်လျှပ်စစ်ဌာနနှင့် ချိတ်ဆက် ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာအတွင်းရှိ ကျေးရွာစီမံခန့်ခွဲမှုကော်မတီသည် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးနှင့် ချိတ်ဆက် ဆောင်ရွက်သည်။

## ၅။ပင့်ကူအိမ်သုံးသပ်ချက်။



**သုံးသပ်ချက်**

**အိမ်မှုကိစ္စ**

အမျိုးသမီးများသည် အိမ်မှုကိစ္စတွင် အချိန်ပြည့် လုပ်ကိုင်နေရသည်ကို တွေ့ရသည်။

**အသင်းအဖွဲ့များတွင်ပါဝင်နိုင်မှု**

အမျိုးသမီးများသည် အမျိုးသားများထက် အသင်းအဖွဲ့အစည်းများတွင် ပိုမို ပူးပေါင်းပါဝင် လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

**ကျန်းမာရေးအသိပညာ**

အမျိုးသားများသည် အမျိုးသမီးများထက် ကျန်းမာရေး အသိပညာရရှိမှုတွင် ပိုမိုနေသည်ကို လေ့လာတွေ့ရှိရပါသည်။

**ပညာရေး**

ပညာရေးတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပညာသင်ကြားခွင့်ပိုမိုရရှိသည်ကို တွေ့ရပါသည်။

**ဆုံးဖြတ်ပိုင်ခွင့်**

အိမ်ထောင်တစ်စု၊ အသင်းအဖွဲ့များတွင် ရှေးရိုးထုံးတမ်း အစဉ်အလာအရ အမျိုးသမီးများ သည် အမျိုးသားများထက် ဆုံးဖြတ်ပိုင်ခွင့်နည်းနေသေးသည်ကို တွေ့ရှိရပါသည်၊

**ဝင်ငွေရရှိမှု**

ကွင်းပေါက်ကျေးရွာတွင် အမျိုးသမီးများသည် အိမ်မှုကိစ္စလုပ်ငန်းများတွင် အချိန်ကုန်နေရသောကြောင့် ဝင်ငွေရရှိသောလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း အနည်းငယ်သာ ရှိပါသည်။

**အလုပ်အကိုင်အခွင့်အလမ်း**

အမျိုးသမီးများသည် အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်ကြခြင်းကြောင့် အမျိုးသားများနှင့်တန်းတူ အခွင့်အလမ်းများရရှိလာသည်ကို တွေ့ရသည်။

**လုံခြုံမှု**

ရှေးရိုးထုံးတမ်း အစဉ်အလာအရ အမျိုးသမီးများသည် အမျိုးသားများထက် လုံခြုံမှု အားနည်းနေသည်ကို တွေ့ရှိရပါသည်။

# မြေပိုင်ဆိုင်မှုသုံးသပ်ခြင်း




အရင်းအမြစ်ထိန်းချုပ်မှုပုံစံဇယား
ကွင်းပေါက်ကျေးရွာ
ဝဲကြီးကျေးရွာအုပ်စု
၅.၁၀.၂၀၁၉
ကျား
မ
ကျား+မ
ဘုန်းကြီးကျောင်း
လယ်
စေတီ
စာသင်ကျောင်း
ဆေးပေးခန်း
မြစ်/ချောင်း
ရေတွင်း ရေကန်
လယ်ယာမြေ
တံတား
ပါဝင်ဆွေးနွေးသူ
ကျား-၁၃ဦး
မ-၁၇ဦး
စုစုပေါင်း= ၃၀ဦး

## သုံးသပ်ချက်

### အသုံးပြုမှု

ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော စာသင်ကျောင်း၊လမ်း၊ တံတား၊ ဆေးပေးခန်း တို့ကို အမျိုးသားနှင့် အမျိုးသမီးများအတူတကွ အသုံးပြုကြောင်းတွေ့ရပါသည်။ ရေတွင်းရေကန်၊ လယ်ယာမြေ၊ ဘုန်းကြီးကျောင်း၊ စေတီ၊ မြစ်၊ ချောင်း တို့ကိုအမျိုးသားများသာ အသုံးပြုနေကြ ကြောင်းတွေ့ရပါသည်။

### ထိန်းချုပ်မှု

ဘုန်းကြီးကျောင်း၊ စေတီ၊ မြစ်၊ချောင်း၊ လယ်ယာမြေတို့ကို အမျိုးသား များက အဓိက ထိန်းချုပ်ထားပါသည်။ ကျေးရွာ၏အရင်းအမြစ်များဖြစ်သော လမ်း၊ တံတား၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ရေတွင်းရေကန် တို့ကို အမျိုးသားနှင့် အမျိုးသမီး အတူတကွ ထိန်းချုပ်သည်ကို တွေ့ရပါသည်။

## ၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့်စစ်ဆေးရမည့်အချက်များ

**၁။အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာ အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရွာခွဲခေါင်းဆောင်သို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်း၊မျှော်မှန်းချက်များ ဖော်ထုတ်ခြင်း၊ ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအားမဲပေး၍ ရွေးချယ်ခြင်းနှင့် စီမံကိန်းလုပ်ငန်းများအား ဦးဆောင်ဆောင်ရွက်မည့် ကော်မတီဝင်များအား မဲပေး၍ ရွေးချယ်ဆောင်ရွက် ခဲ့ခြင်းဖြစ်ပါသည်။

## ၂။ကျေးရွာမိတ်ဆက်အစည်းအဝေးတွင်အမျိုးသမီးကဏ္ဍအတွက်စောင့်ကြည့်စစ်ဆေး ရမည့် အချက်များ

**မေးမြန်းသည့်ရက်။ ။ ရက်စွဲ - ၅-၁၀-၂၀၁၉**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအားကျား၊မရေးရာအခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင်ပါဝင်သောကျား၊မရေးရာအကောင်အထည်ဖော်ရေးလိုအပ်ချက် (၅)ချက်ကိုရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက်အသိပေးတိုက်တွန်းစည်းရုံးခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏စကားသံများ၊ပြောဆိုနိုင်ခွင့်များပိုမိုထွက်ပေါ်လာအောင်ဖန်တီးပေးခဲ့ ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့ များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့ စည်းရေး၊ပူးပေါင်းပါဝင်ေ ရး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကိုအမျိုးသား/သမီးများအလွယ်တကူပါဝင်တက်ရောက်နိုင် သောအချိန်နှင့်နေရာများကို ရွေးချယ်ခြင်း၊ ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်း များတို့ ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ ဆင်းရဲ/ နွမ်းပါး/ ထိခိုက်လွယ်သောအုပ်စုများကိုအစည်းအဝေး မစတင်မီအချိန်များကရှာဖွေဖော်ထုတ်ခဲ့တာမျိုးများရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများထဲမှအချို့ ကိုအစည် းအဝေးတက်ရောက်နိုင်အောင်ဖိတ်ကြားဆောင်ရွက်မှုမျိုးရှိခဲ့ပါသလား။ | √ | | |

| | | | | |
|---|---|---|---|---|
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့်ကြုံတွေ့နေရသောအခက်အခဲများကိုသင်ဆွေနွေးမေးမြန်းခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများပြောဆိုတင်ပြနိုင်အောင်အချိန်ပေးရန်ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများဆောင်ရွက်ခဲ့တာများရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများ ရှာဖွေဖော်ထုတ်ရာတွင် အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ်ဆောင်ရွက်ခဲ့တာမျိုးရှိပါသလေား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင်အမျိုးသမီး၊ အမျိုးသားအချိုးညီမျှစွာ (၅၀း၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင်ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင်အနည်းဆုံးအမျိုးသမီးအဖွဲ့ဝင်တစ်ဦးနှုန်းဖြင့်ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။**မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင်ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံချက်များတွင်အမျိုးသမီးများရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက်အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက်စည်းရုံးဆွေးနွေးမှုများပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအားအမျိုးသမီးများ၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန်အမျိုးသမီးများရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းအသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သောစီမံကိန်းလုပ်ငန်းခွဲများသည်ဒေသတွင်းမှာရှိသောလူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်အုပ်စုများအပေါ်မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်းရှင်းလင်းပြောကြားခြင်း၊မှတ်တမ်းတင်ခြင်းများတို့ကိုဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့်အစည်းအဝေးပြုလုပ်ရာတွင်အုပ်စုစီ/ထောက်ကော်မတီဝင်များကိုကျား၊မရေးရာလိုအပ်ချက်များအကြောင်းကိုရှင်းလင်းပြောကြားခဲ့ ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့်အစည်းအဝေးပြုလုပ်ရာတွင်အုပ်စုစီ/ထောက်ကော်မတီဝင်များအားလုံးတက်ရောက်နိုင်မှုရှိ/မရှိစစ်ဆေးခဲ့ပါသလား။<br>**မတက်ရောက်နိုင်ခဲ့ပါကမှတ်ချက်တွင်ရှင်းလင်းပါ။** | √ | | |

## ၈။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



စတုတ္ထအကြိမ်အစည်းအဝေး မှတ်တမ်းတင်ဓါတ်ပုံ။



နည်းပညာ အစည်းအဝေးပြုလုပ်ခြင်းမှတ်တမ်းဓါတ်ပုံ



ကော်မတီများ စီမံခန့်ခွဲမှုသင်တန်းပေးခြင်း ဓာတ်ပုံ



ကော်မတီဝင်များ မှတ်တမ်းတင်ဓာတ်ပုံ

## ၉။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးမြင့်စိန် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီခေါင်းဆောင် |
| ၂ | ဒေါ်ဇင်မင်းသူ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီခေါင်းဆောင် |
| ၃ | ဦးအောင်ကျော်စိုး | ကျား | ဝယ်ယူရေးဆပ်ကော်မတီခေါင်းဆောင် |
| ၄ | ဦးဝင်းဇော်ဦး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ |
| ၅ | ဒေါ်သိန်းသိန်းမြင့် | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဦးကျော်သန်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီခေါင်းဆောင် |
| ၇ | ဒေါ်သန်းဆင့် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၈ | ဦးလှကြည် | ကျား | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၉ | ဒေါ်အုန်းငွေ | မ | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁ | ဦးထွန်းကြည် | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဒေါ်အိရွှေဇင် | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဦးမြင့်ကျော် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၃ | ဦးသက်နိုင်ဝင်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၄ | ဒေါ်ခင်ချိုဦး | မ | စေတနာ့ဝန်ထမ်း |
| ၁၅ | ဒေါ်မြင့်မြင့်ဝင်း | မ | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်မြသက်မွန် | မ | ကျေးရွာစာရင်းကိုင် |

စုစုပေါင်း။ (၁၆) ယောက် ကျား-(၈)ယောက်+မ- (၈) ယောက်

# ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ

| စဉ် | အမည် | လိင် | | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| | | ကျား | မ | | |
| ၁ | ဒေါ်ခင်ဝင်းစန်း | | √ | ဥက္ကဋ္ဌ၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီ | ညောင်ပိုင်းကျေးရွာ |
| ၂ | ဦးမြင့်စိန် | √ | | ဥက္ကဋ္ဌ၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီ | ကွင်းပေါက်ကျေးရွာ |
| ၃ | ဒေါ်ဖင်မင်းသူ | | √ | ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ | ကွင်းပေါက်ကျေးရွာ |
| ၄ | ဦးလှဦးလွင် | √ | | စာရင်းကိုင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ | ဝဲကြီးကျေးရွာ |
| ၅ | ဒေါ်စန်းနု | | √ | အဖွဲ့ဝင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ | ဝဲကြီးကျေးရွာ |
| ၆ | ဦးတင်ရွှေ | √ | | အဖွဲ့ဝင်၊ ကျေးရွာအုပ်စု ကော်မတီ | ညောင်ပိုင်းကျေးရွာ |

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်မျိုးသန္တာထွန်း

ရာထူး - လူထုစည်းရုံးရေးမှူး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။*

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး ဖိုးငယ် မျိုးထွန်း | 09-420191137 | ဒေါ် မျိုး သဉ္ဇာ ထွန်း |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ရန်ကုန် | ကျောက်တန်း | ဝါကြီး | ကွင်းပေါက် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၃၅၆ | ဘာသာ (၁) ဗုဒ္ဓဘာသာ | ၃၅၆ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ---------- | | ဘာသာရော ---------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၈ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၆၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၆၈၀ | ၆၈၀ |
| လူမျိုးစု (၁)--ဗမာ- | ၆၈၀ | ၆၈၀ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၉၉ | ၅၇ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☐ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| အလယ်တန်းကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| လယ်လွှန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အထက်တန်းကျောင်း | ☐ | | | အခြား | ☐ |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| [illegible]ယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း (circled) | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လုပ်ငန်းစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/**မရှိပါ** (circled)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — ခုနှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--၁----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၃၀ မိနစ်

ထော်လာဂျီ/**မော်တော်ဆိုင်ကယ်** (circled)/ခြေလျင်/လှည်း/မော်တော်ဘုတ်/အခြား -------------------

မိုးရာသီတွင်ကြာချိန်-------------၁ နာရီ-------

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/**ခြေလျင်** (circled)/လှည်း/မော်တော်ဘုတ်/အခြား -------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ✓☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --- [illegible] ---

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လုပ်ထုံးပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

| | |
|---|---|
| (၁) [illegible] | (၂) --- |
| (၃) [illegible] | (၄) --- |
| (၅) [illegible] | (၆) --- |
| (၇) [illegible] | (၈) --- |
| (၉) --- | (၁၀) --- |

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ✓☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် — အမည် ဦးလှိုင်မျိုးထွန်း


ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး
ဝဲကြီးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး
ကျောက်တန်းမြို့နယ်

လက်မှတ် နေ့ 4.10.2019

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်မျိုးသန္တာထွန်း

လက်မှတ် နေ့စွဲ 4.10.2019

## ၁၁။ပုံစံ-စ-၂ အစည်းအဝေးအချိန်ဇယား(PC-2)



ပုံစံ - စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက်ဤ ပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် - ဒေါ်မျိုးသဉ္ဇာထွန်း | | | |
| နေ့စွဲ 4-10-2019 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☑ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း<br>ရန်ကုန်တိုင်းဒေသကြီး | မြို့နယ်<br>ကျောက်တန်းမြို့ | ကျေးရွာအုပ်စု<br>ဝါကြီး | ကျေးရွာ<br>ကွင်းပေါက် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 4-10-19 | 4-10-19 | ၁၀၇ | ၁၄၉ | ၂၅၆ | ၂၅၆ \| ဗမာ | ၃၅၆ | ၇၁.၉၁% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 5-10-19 | 5-10-19 | ၁၀၁ | ၁၃၇ | ၂၃၈ | ၂၃၈ \| ဗမာ | ၃၅၆ | ၆၆.၈၅% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | \| | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| [illegible] အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | | | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖေါ်ရေးကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့် အစည်းအဝေး | ၅•၁၂•၁၉ | ၅-၁၂-၁၉ | ၄၆ | ၅၄ | ၁၀၀ | ၁၀၀ | ၈၆၁ | ၃၅၆ | ၂၈.၀၈% |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | | မလို | မလို |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၃။ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၄။ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |

| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | မလို | မလို |
|---|---|---|---|---|---|---|---|---|
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲအပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | | |

# ၁၂။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃)ကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းများအစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မည့် ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုဖြည့်စွက်အောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်မျိုးသန္တာထွန်း | | |
| နေ့စွဲ 4.10.2019 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) ☒ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ရန်ကုန်တိုင်းဒေသကြီး | မြို့နယ် ကျောက်တန်းမြို့နယ် | ကျေးရွာအုပ်စု ဝဲကြီး | ကျေးရွာ ကွင်းပေါက် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| သွားရေးလာရေး ခက်ခဲခြင်း | □ ကျား □မ ☒ကျား+ မ |
| အလုပ်အကိုင် အခွင့်အလမ်းများ ပါးခြင်း | □ ကျား □မ ☒ကျား+ မ |
| ရွာတွင် ဖြစ်ပေါ်ဗဟုသုတများ ရှိရန် ခက်ခဲခြင်း | ☒ ကျား □မ □ ကျား+ မ |
| ကျန်းမာရေးအတွက် ဆေးပေးခန်း မရှိခြင်း | □ ကျား □မ ☒ကျား+ မ |
| သောက်သုံးရေ ရှားပါး / မလုံလောက်ခြင်း | □ ကျား □မ ☒ကျား+ မ |
| ကလေးများ ပညာသင်ကြားရန် ခက်ခဲခြင်း | □ ကျား ☒မ □ ကျား+ မ |
| အများသုံး အိမ်သာမရှိခြင်း | □ ကျား □မ ☒ကျား+ မ |
| ဘက်စုံသုံးခန်းမ ဆောင် မရှိခြင်း | □ ကျား ☒မ □ ကျား+ မ |
| ရေစီးရေလာ မကောင်းခြင်း | □ ကျား □မ ☒ကျား+ မ |
| ရေကန် ဖြစ်စည်းရိုးများ ပျက်စီးနေခြင်း | □ ကျား ☒မ □ ကျား+ မ |
| | □ ကျား □မ □ ကျား+ မ |
| | □ ကျား □မ □ ကျား+ မ |

ဃ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များ | |
|---|---|
| လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာရန် | □ ကျား □မ ☑ကျား+ မ |
| အားပေးခန်း ရှိလာစေရန် | □ ကျား □မ ☑ကျား+ မ |
| ရေကန် ဖြစ်စဉ်းရိုးများ ကောင်းမွန်လာရန် | □ ကျား ☑မ □ ကျား+ မ |
| ကလေးများ ပညာသင်ရန် မူကြိုကျောင်း ရှိလာစေရန် | □ ကျား □မ ☑ကျား+ မ |
| သောက်သုံးရေ လုံလောက်စွာ ရရှိရန် | □ ကျား □မ ☑ကျား+ မ |
| များသုံး အိမ်သာများ ရှိလာစေရန် | □ ကျား ☑မ □ ကျား+ မ |
| ကျေးရွာ ဘက်စုံသုံးရန် ခန်းမဆောင် ရှိလာရန် | □ ကျား □မ ☑ကျား+ မ |
| ရေဆင်းတံတား ကောင်းမွန်လာရန် | □ ကျား □မ ☑ကျား+ မ |
| စက်ပြင်သင်တန်းများ ရရှိလာရန် | ☑ကျား □မ □ ကျား+ မ |
| စက်ချုပ်သင်တန်းများ ရရှိလာရန် | □ ကျား ☑မ □ ကျား+ မ |
| | □ ကျား □မ □ ကျား+ မ |
| | □ ကျား □မ □ ကျား+ မ |

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | အခန်း ကဏ္ဍ | ဦးစားပေး အဆင့် သတ်မှတ်ချက် | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၁ | မြောင်း လမ်း ကွန်ကရစ်ခင်းခြင်း | အမျိုးသား+အမျိုးသမီး | လမ်းပန်းဆက်သွယ်ရေး | ၁ | ၁၈၅၅၇၁၀၀ | ၆၈၀ | ၆၈၀ | ၁၃၆၀ |
| ၂ | အားပေးခန်းတည်ဆောက်ခြင်း | အမျိုးသား+အမျိုးသမီး | ကျန်းမာရေး | ၂ | ၂၅၀၀၀၀၀၀ | ၆၈၀ | ၆၈၀ | ၁၃၆၀ |
| ၃ | ရေကန်ဖြစ်စဉ်းရိုး ဆော်ခြင်း | အမျိုးသမီး | ရေနှင့်ရေသန့်ရှင်းရေး | ၃ | ၂၅၀၀၀၀၀၀ | ၆၈၀ | ၆၈၀ | ၁၃၆၀ |
| ၄ | မူကြိုကျောင်း တည်ဆောက်ခြင်း | အမျိုးသား+အမျိုးသမီး | ပညာရေး | ၄ | ၅၀၀၀၀၀၀ | ၆၈၀ | ၆၈၀ | ၁၃၆၀ |
| ၅ | စက်ရေတွင်းတူးခြင်း | အမျိုးသား+အမျိုးသမီး | ရေနှင့်ရေသန့်ရှင်းရေး | ၅ | ၆၀၀၀၀၀၀ | ၆၈၀ | ၆၈၀ | ၁၃၆၀ |

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | အခန်း ကဏ္ဍ | ဦးစား ပေး အဆင့် သတ်မှတ်ချက် | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေ အတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၆ | အများသုံး အိမ်သာ တည်ဆောက်ခြင်း | အမျိုးသမီး | ကျန်းမာ ရေး | ၆ | ၄၀၀၀၀၀ | ၆၈၀ | ၆၈၀ | ၁၃၆၀ |
| ၇ | ကျေးရွာခန်းမဆောင် တည်ဆောက်ခြင်း | အမျိုးသား+အမျိုးသမီး | အဆောက် အဦး | ၇ | ၂၀၀၀၀၀၀ | ၆၈၀ | ၆၈၀ | ၁၃၆၀ |
| ၈ | ရေဆင်း တံတား ပြုပြင်ခြင်း | အမျိုးသား+အမျိုးသမီး | လမ်းပန်း ဆက်သွယ် ရေး | ၈ | ၂၀၀၀၀၀ | ၆၈၀ | ၆၈၀ | ၁၃၆၀ |
| ၉ | | | | | | | | |
| ၁၀ | | | | | | | | |

…သား လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဆက်ချုပ် သင်တန်း | အမျိုးသမီး | အသက်မွေးဝမ်းကြောင်း |
| ၂ | ဆံပြင် သင်တန်း | အမျိုးသား | အသက်မွေးဝမ်းကြောင်း |
| ၃ | ဆိုင်ကယ်ပြင် သင်တန်း | အမျိုးသား | အသက်မွေးဝမ်းကြောင်း |
| ၄ | စိုက်ပျိုးရေး နည်းပညာ သင်တန်းများ | အမျိုးသား | စိုက်ပျိုးရေး |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ဦးမြင့်စိန် ……… လက်မှတ် (signature) ……… နေ့စွဲ 4.10.19

# ၁၃။ ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

ကွင်းပေါက်

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားရွာနများနှင့် ညှိနိုင်ရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူသို့ အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | စက်ချုပ်သင်တန်း | ☑မ ☐ကျား | | |
| | ၂ | စက်ပြင်သင်တန်း | ☑မ ☑ကျား | | |
| | ၃ | ဆိုင်ကယ်ပြင် သင်တန်း | ☐မ ☑ကျား | | |
| | ၄ | စိုက်ပျိုးရေးနည်း ပညာသင်တန်း | ☐မ ☑ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ပညာရေး | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အငြိး | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

# ၁၄။ အစည်းအဝေးမှတ်တမ်းများ

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ကွင်းပေါက်

ကျေးရွာအုပ်စု ဝဲကြီး

အစည်းအဝေးပြုလုပ်သည့်နေရာ ကွင်းပေါက် ဘုန်းကြီးကျောင်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ၄.၁၀.၂၀၁၉

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ ပထမအကြိမ် စီမံကိန်း မိတ်ဆက်အစည်းအဝေး (၁၀:၃၀) မှ (၃:၃၀) အထိ

အစည်းအဝေးတက်ရောက်သူဦးရေ ။ ကျား (၁၀၇)၊ မ (၁၄၉) စုစုပေါင်း (၂၅၆) ယောက်

ဆွေးနွေးချက် (၁) ။ ကျောက်တန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း (စတုတ္ထ နှစ်စက်ဝန်း) အတွက် ပထမအကြိမ် စီမံကိန်း မိတ်ဆက် အစည်းအဝေးကို လူထုစည်းရုံးရေးမှူး ဒေါ်မျိုးသဉ္ဇာထွန်း နှင့် လက်ထောက်နည်းပညာမှူး ဒေါ်နှင်းသက်အေး တို့သည် ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ စီမံကိန်း အထောက်အကူပြု ကော်မတီအဖွဲ့ဝင်များ၊ အိမ်ထောင်စု ကိုယ်စားလှယ်များ နှင့် အတူ ကျင်းပပြုလုပ်ခဲ့ပါသည်။ စီမံကိန်း၏ ရည်ရွယ်ချက်၊ အဓိပ္ပာယ်၊ ရံပုံငွေ ထောက်ပံ့မှု၊ ကျား-မ ရေးရာ အခန်းကဏ္ဍ များ နှင့် စီမံကိန်း စက်ဝန်း အကြောင်းကို လူထုစည်းရုံးရေးမှူး ဖြစ်သည့် ဒေါ်မျိုးသဉ္ဇာထွန်း မှ ရှင်းပြခဲ့ပါသည်။

(၂)။ လူထုစည်းရုံးရေးမှူး ဒေါ်မျိုးသဉ္ဇာထွန်းမှ စီမံကိန်း သည် တစ်နှစ်တာ အလိုက် အကောင်

အထည်ဖော် ဆောင်ရွက်နေခြင်း မဟုတ်ဘဲ စက်ဝန်းတစ်ခုခြင်းစီသာ
စက်ဝန်းအလိုက် အကောင်အထည်ဖော်၍ ဆောင်ရွက်နေကြောင်းနှင့်
စီမံကိန်းစက်ဝန်းတွင် အပိုင်း (၆) ပိုင်း၊ အဆင့် (၁၄) ဆင့်ရှိကြောင်း၊
စီမံကိန်းသည် အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း
ကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါသည်။

(၃)။ ထို့နောက် စီမံကိန်းတွင် အဓိက တာဝန်ရှိသူများနှင့် ၎င်းတို့၏ တာဝန်ဝတ္တရား
များ အကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ကျေးရွာစေတနာ့
ဝန်ထမ်းများကို ရွေးချယ်ရာတွင် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်စက်ဝန်း
များတွင် တာဝန်ထမ်းဆောင်ခဲ့သူများမှ ဆက်၍ တာဝန်ယူထမ်းဆောင်
ချင်စိတ်ရှိမရှိနှင့် ကျေးရွာလူထုမှ သဘောဆန္ဒများကို မေးမြန်းခဲ့ရာ
ဆက်လက် ထမ်းဆောင်စေလိုကြောင်းနှင့် ကာယကံရှင် ကိုယ်တိုင်မှ
လည်း ဆက်လက် လုပ်ကိုင်ချင်သဖြင့် ဆက်လက်၍ စတုတ္ထနှစ်စက်ဝန်း
တွင် တာဝန်ယူဆောင်ရွက်စေခဲ့ပါသည်။

(၄)။ လက်ထောက်နည်းပညာမှူး ဒေါ်နှင်းသက်အေးမှ စီမံကိန်းတွင်
အရေးကြီးသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် အကြောင်း
ကို ရှင်းပြခဲ့ပါသည်။

အစည်းအဝေးကို ၁၀း၃၀ တွင် စတင်ခဲ့ပြီး (၃း၃၀) တွင်
ပြီးဆုံးခဲ့ပါသည်။

ဒေါ်ဖြိုးသဉ္ဇာထွန်း
လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ကွင်းပေါက်

ကျေးရွာအုပ်စု ဝဲကြီး

အစည်းအဝေးပြုလုပ်သည့်နေရာ ကွင်းပေါက် ဘုန်းကြီးကျောင်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ၅ . ၁၀ . ၂၀၁၉

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ ဒုတိယအကြိမ်အစည်းအဝေး၊ ကော်မတီ ရွေးချယ်ခြင်း နှင့် လုပ်ငန်းခွဲ အတည်ပြုခြင်း (၁၁:၀၀မှ ၂:၃၀) အထိ

အစည်းအဝေးတက်ရောက်သူဦးရေ ။ ကျား (၁၀၁)၊ မ (၁၃၇) စုစုပေါင်း (၂၃၈) ယောက်

ရည်ရွယ်ချက် ။ ။ ဒုတိယအကြိမ် အစည်းအဝေး ကော်မတီရွေးချယ် အတည်ပြုခြင်း နှင့် လုပ်ငန်းခွဲ အတည်ပြုခြင်း

ဆွေးနွေးချက် (၁)။ ။ ပထမဦးစွာ အကျိုးဝင်သော လုပ်ငန်းနှင့် အကျိုးမဝင်သော လုပ်ငန်းများအကြောင်းကို လက်ထောက်နည်းပညာမှူး ဒေါ်နှင်းသက်အေးမှ ရှင်းလင်းခဲ့ပါသည်။ ကျေးရွာလူထုအား စီမံကိန်း လုပ်ငန်းများကို ဆက်လက်၍ ဆွေးနွေးခဲ့ရာ ဦးစားပေး အစီအစဉ်များ အတိုင်းသာ သွားရန် အားလုံးမှ သဘောတူ ဆုံးဖြတ်ခဲ့သဖြင့် စ-(၃) ပူးတွဲပါအတိုင်း ဆက်လက်လုပ်ဆောင် သွားမည် ဖြစ်သည် ဟု အတည်ပြုခဲ့ပါသည်။

ဆွေးနွေးချက် (၂)။ ။ လူထုစည်းရုံးရေးမှူး ဒေါ်မျိုးသဇ္ဇာထွန်းမှ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းပြခဲ့ပါသည်။ ကျေးရွာ စီ/ထောက် ခေါင်းဆောင်၊ ဝယ်ယူရေး ကော်မတီဝင်များ၊ စောင့်ကြည့်ကြီးကြပ်ရေး၊ လည်ပတ်ပြုပြင် ထိန်းသိမ်းရေး စသည့် ကော်မတီဝင်များအား

စီမံကိန်းစက်ဝန်း အရင်းနှီးများအတိုင်း ဆက်လက်၍ တာဝန်ယူဆောင်ရွက်ပေးချင်စိတ်ရှိမရှိ နှင့် ကျေးရွာလူထုမှ အစည်းအဝေး တက်ရောက်လာသော အိမ်ထောင်စု ကိုယ်စားလှယ်များမှ ၎င်းတို့အား ဆက်၍ လုပ်ဆောင်ပေးစေလိုသည့် ဆန္ဒ ရှိမရှိ မေးမြန်းခဲ့ပါသည်။ ကော်မတီဝင်များ အားလုံးအား ကျေးရွာလူထုမှ ဆက်လက် ဆောင်ရွက်ပေးစေလိုကြောင်းနှင့် ၎င်းတို့ ကိုယ်တိုင်မှလည်း တာဝန်ယူဆောင်ရွက်ပေးမည် ဟု ကတိဆန္ဒများပြုသဖြင့် ယခင်နှစ်များမှ ကော်မတီဝင်များအား ပြန်၍ အတည်ပြု

- ရွေးချယ် ဆုံးဖြတ်ခဲ့ပါသည်။

ဆုံးဖြတ်ချက် | သဘောတူညီချက်။ "ကျေးရွာ ဒုတိယ အကြိမ် အစည်းအဝေး၊ ကျေးရွာကော်မတီ ရွေးချယ်ခြင်းနှင့် လုပ်ငန်းခွဲများ အတည်ပြုခြင်း တွင် ကျေးရွာမှ ဦးစားပေး အဆင့်များအတိုင်း ဆက်၍ လုပ်ကိုင်သွားရန် သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။ ကျေးရွာကော်မတီဝင်များမှလည်း ဆက်၍ တာဝန် ထမ်းဆောင် သွားရန် သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။

- အစည်းအဝေးကို ၂း၃၀ တွင် ရုပ်သိမ်းခဲ့ပါသည်။

ဖော်မှူး သန္တာထွန်း
လူထုစည်းရုံးရေး မှူး

## ၁၅။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ-၅-၁၀-၂၀၁၉ ကျေးရွာ-ကွင်းပေါက်

VDP ရက်စွဲ-၅-၁၀-၂၀၁၉ မြို့နယ်-ကျောက်တန်း ကျေးရွာအုပ်စု-ဝဲကြီး

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကိုစစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့်နောင်လေးနှစ်အတွက်ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ပညာရေး၊လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှုစာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊မြေပုံများပါရမည်၊စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊vennပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက်ရက်ပေါင်း-
- PRA ပစ္စည်းများအသုံးပြုသည့်အရေအတွက်-
- ပါဝင်သောဦးရေနှင့်လုပ်ငန်းများမှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊အဖွဲ့ဓါတ်ပုံ၊တိုင်းရင်းသားအနည်းစုနှင့်ထိခိုက်လွယ်သောအဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့်အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ်အားခွဲခြားပေးထားသလား။
    - ရှိ
    - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြားစီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-